ဥယျာဉ်ကျေးရွာ
ပန်းတော်ပြင်ကျေးရွာအုပ်စု၊မင်းလှမြို့နယ်
မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း
# (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ဥယျာဉ်ကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မင်းလှမြို့နယ်၏အကူအညီဖြင့်ရေး
ဆွဲပါသည်။)

ဧပြီလ ၊၂၀၂၆

# မာတိကာ


၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ ရာသီခွင့်ပြ ပြက္ခဒိန်

၄။ အဖွဲ့အစည်းများပြပုံ

၅။ တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

၆။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ ) စီးပွားရေးအခြေအနေ ၊ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျား - မဆိုင်ရာ ဆက်နွယ်မှု

၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

( ခ ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်စီမံခန့်ခွဲမှု

( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

( ဇ ) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ

၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) - ဖွံ့ဖြိုးရေးဗျူဟာများ

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

၉။ စီမံချက်အဆိုပြုလွှာ

၁၀။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

## ၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၆/၂၇ဘဏ္ဍာရေးနှစ်မှ ၂၀၃၀/၃၁ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဥယျာဉ်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်း ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများ ကစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင် သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည်လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်

နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင် ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ၊မင်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဧပြီလ၊၂၀၂၆ခုနှစ်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ဥယျာဉ်ကျေးရွာ
မင်းလှမြို့နယ်

# သယံဇာတပြမြေပုံ



# ရာသီခွင်ပြ ပြက္ခဒိန်



# အဖွဲ့အစည်းများပြပုံ




၅။ **<u>တည်နေရာ ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ</u>**

ဥယျာဉ်ကျေးရွာသည် ပန်းတော်ပြင်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး မင်းလှမြို့နယ်မှ (၁)မိုင်(၆)ဖာလုံခန့် ကွာဝေးပါသည်။ မင်းလှ-မလွန် ကားလမ်းမကြီး၏ အရှေ့ဘက် (၂)ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ ရွာ၏တောင်ဘက်တွင် ဥယျာဉ်-မလွန် ချောင်းကူးတံတား တည်ရှိပါသည်။ ရွာဘေးပတ်လည်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းများ ရှိပါသည်။

ဥယျာဉ်ကျေးရွာသည် စပါးအသင့်အတင့်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ထွက်ရာဒေသဖြစ်ပါသည်။ ဥယျာဉ်ကျေးရွာတွင် မိုးကောင်းလယ်မြေများနှင့် ယာမြေများရှိပါသည်။ လယ်သမားများမှာ မိုးရေကိုသာ အဓိကစိုက်ပျိုးရပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သောမြေ (၃၈၆.၆)ဧကရှိပြီး စပါး၊ နှမ်း၊ ပဲမျိုးစုံ စိုက်ပျိုးကြပါသည်။

၆။ **<u>ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ</u>**

(က) **လူဦးရေဆိုင်ရာ အချက်အလက်များ**

ဥယျာဉ်ကျေးရွာသည် အိမ်ထောင်စုပေါင်း(၂၁၄)စု ၊ကျား(၃၇၇)၊ မ(၄၀၇)ဦး ပေါင်း(၇၈၄)ဦးရှိပါသည်။ ကျေးရွာတွင် နေထိုင်သူများမှာ ဗမာလူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေမှာ ကျေးရွာ လူဦးရေ၏ ၈၀% ခန့်ရှိပါသည်။ လူငယ်များပေါ်များပြီး လူငယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပါက ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။

( ခ) **စီးပွားရေးအခြေအနေ ၊ ဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဥယျာဉ်ကျေးရွာရှိ ကျေးရွာသူ/ ကျေးရွာသားများ ကိုယ်တိုင် အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုမှာ ကျွန်တော်တို့၏ ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲ ၊ ချမ်းသာ မျှတမှု ရှိပါသည်။ အိမ်ထောင်စု (၂၁၄)စု၏ (၄၀%)ခန့်မှာ ပြေလည်မှု ရှိပါသည်။

ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့များနှင့် ကျဘမ်း အလုပ် သမားများဖြစ်ပါသည်။ အိမ်အခြေအနေမှာ သက္ကယ်မိုး ၊ ထရံကာ သုံးပင်အိမ် အမျိုးအစားများ ဖြစ်ကြပါသည်။

ချမ်းသာသော မိသားစုများသည် စိုက်ပျိုးမြေဧက (၅) ဧကမှ (၁၀)ဧက ပိုင်ဆိုင်သူများ၊ အရောင်းအဝယ်လုပ်ကိုင်သူများနှင့် ပြည်ပသွားရောက်အလုပ် လုပ်ကိုင်သူများ ဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ ပျဉ်ခင်း၊ပျဉ်ကာ၊အောက်ခံတိုက်၊ တစ်ထပ်တိုက်ပိုင်ဆိုင်သူများနှင့် ကာားပိုင်ရှင်များ ဖြစ်ပါသည်။ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုအနေအထားကြောင့် စီးပွားရေးအဆင့်အတန်း ဆင်းရဲ၊ ချမ်းသာ မျှတမှုရှိပါသည်။

( ဂ) **ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

ထိခိုက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များ၊ သက်ကြီးရွယ်အိုများ၊ မြေယာမဲ့များ ၊ ကျပန်းအလုပ်သမားများ၊ အဆင်းရဲဆုံး တောင်သူများ ဖြစ်ကြပါသည်။ ၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပိုင်ဆိုင် မှုများနှင့် စားဝတ်နေရေး အဆင်မပြေသော မိသားစုများ ဖြစ်ကြပါသည်။ ကျေးရွာရှိ

ဆင်းရဲသော မိသားစုများနှင့် လူငယ်အများစုမှာ ဝင်ငွေပိုမိုရရှိရန် ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ ကျေးရွာအတွင်း ထိခိုက်လွယ်သော မိသားစုများ ရှိသော်လည်း သားသမီးတို့၏ ထောက်ပံ့မှု၊ ရပ်ဆွေရပ်မျိုးတို့၏ ကူညီထောက်ပံ့မှု တို့ကြောင့် ၎င်းအိမ်ထောင်စုတို့၏ ထိခိုက်လွယ်မှုအခြေအနေမှာ ပုံမှန်အဆင့်သာ ရှိပါသည်။

(ဃ) **ကျန်းမာရေးနှင့် အဟာရ**

ဥယျာဉ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိတုပ်ကွေး၊ ဆီးချို၊ သွေးချို၊ လေးဘက်နာ၊ လေဖြတ်ရောဂါများ၊ အသက်ရှူလမ်းကြောင်းမှ ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထ ရှိပြီး မိုးရာသီတွင် ဌက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးများ အဖြစ်များပါသည်။ လိုအပ်ပါက ကျေးရွာနှင့် အနီးစပ်ဆုံး မင်းလှမြို့နယ်ရှိ ဆေးရုံဆေးခန်းများသို့ သွားရောက်ရပါသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဥယျာဉ်ကျေးရွာ၏ သက်ကြီးပိုင်းမှာ ဘုန်းကြီးကျောင်းပညာရေးအဆင့်သာ ရှိပြီး ကျန်အများစုသည် အခြေခံအရေး၊အဖတ်၊အတွက်၊အချက်များ တက်မြောက် ကြပါသည်။ အတန်းပြီးမြောက်မှုမှာ မူလတန်းအဆင့်ရှိသူ ကျား(၈၅)ဦး၊ မ(၁၃၇)ဦး၊ ပေါင်း (၂၂၂)ဦး၊ အလယ်တန်းအဆင့်ရှိသူ ကျား(၈၀)ဦး၊ မ(၉၃)ဦး၊ ပေါင်း(၁၇၃)ဦး၊ အထက်တန်းအဆင့်ရှိသူ ကျား(၈၇)ဦး၊ မ(၅၂)ဦး၊ ပေါင်း(၁၃၉)ဦး၊ တက္ကသိုလ်/ ကောလိပ်အဆင့်ရှိသူ ကျား(၂၇)ဦး၊ မ(၃၈)ဦး၊ ပေါင်း(၆၅)ဦး တို့ရှိပါသည်။

(စ) **ကျား - မ ဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ Universal Declaration of Human Rights စာတမ်းနှင့်အညီ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံချိန်စံနှုန်းများ သတ်မှတ်ထားပါသည်။ ကျေးရွာတွင် ကျား-မ ပြင်းထန်သော အကြမ်းဖက်မှုများ ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးများအတွက် ပညာသင်ယူမှုအပိုင်း မှာ အမျိုးသားများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်

လုပ်အားခငွေများလည်း အမျိုးသားနှင့် အမျိုးသမီးတို့ တန်းတူရရှိကြပါသည်။ လုပ်အားခ သတ်မှတ်ရာတွင် ကျား-မ မတူညီမှုကလွဲ၍ ကျန်သောအခွင့်အရေးများကို တန်းတူရရှိကြပါသည်။

## ၇။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ဥယျာဉ်ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးတွင် ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊ လူမှုရေးတွင် အုပ်ချုပ်ရေးမှူးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျေးရွာသမအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့ ၊ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့၊ အမှိုက်ကင်းစင်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊ မီးကော်မတီအဖွဲ့ စသည်တို့ဖြစ်ပါသည်။ ၎င်းအဖွဲ့အစည်းများမှ ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အသင့်အတင့်ရှိပြီး ၊ အဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ရေး သင်တန်းများကို ကျေးရွာသို့ လာရောက်ပို့ချပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား စည်းလုံးညီညွတ်မှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### ( ခ) သီးနှံ သား/ငါးထုတ်လုပ်ရေးကဏ္ဍ

ဥယျာဉ်ကျေးရွာတွင် နှမ်း၊ ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုး ကြပါသည်။ မိုးရေကို အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင်တောင်သူ (၆၇)ရှိ၍ စိုက်ပျိုးဧကမှာ (၃၈၆.၆)ဧက ရှိပါသည်။ နှမ်း၊ ပဲစဉ်းငုံသီးနှံများအား ကဆုန်၊နယုန်လတွင် စိုက်ပျိုးကြပြီး စပါးကို ဝါဆိုလတွင် စိုက်ပျိုးကြပါသည်။ ပဲကြီး၊ ကုလားပဲ၊ ဝါ သီးနှံများအား သီတင်းကျွတ်လတွင် စိုက်ပျိုးပါသည်။ နှစ်စဉ်ရာသီဥတု ဖောက်ပြန်သောကြောင့် သီးနှံအထွက်နှုန်းလျော့ကြပါသည်။ ထွန်ယက်ရန် ထွန်စက်ပိုင်ရှင်များထံတွင် ငှားရမ်းအသုံးပြုရပါသည်။ ငွေကြေးမလုံလောက်၍ ချေးငွေယူလုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးသောကြောင့် ငှားရမ်း လုပ်ကိုင်ရပါသည်။ ပဲကြီး၊ ကုလားပဲနှင့် နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်မှု ပိုမိုတွေ့ရပြီး၊ ယင်းဖျက်ပိုးသည် ပိုးသတ်ဆေးအချို့အား ခံနိုင်ရည်ရှိသဖြင့် တောင်သူများသည် ထိရောက်စွာ နှိမ်နင်းနိုင်သော နည်းစနစ်ကို လိုလားကြပါသည်။ မိသားစုများမှာ

တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို မင်းလှမြို့မှ လက်လီလက်ကား ဝယ်ယူရရှိပါသည်။

( ဂ) **စိုက်ပျိုးရေး ၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ဥယျာဉ်ကျေးရွာတွင် အိမ်တွင်းလက်မှုလုပ်ငန်း အနည်းငယ်ရှိပါသည်။ ဒေသထွက်မုန့်ဩဇာလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးရောင်း ခေါင်းရွက်ဗျက်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုအလိုက် လုပ်ကိုင်ရသောကြောင့် အဆင်ပြေမှု လျော့နည်းသည်။ မြေယာမဲ့လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရှိပြီး ကျန်အချိန်များတွင် အလုပ်အကိုင် ရှားပါးကာ ဝင်ငွေမမှန်ခြင်းကြောင့် တစ်ချို့မှာ တနယ်တကျေးဖြစ်သော ပြည်တွင်း ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ် ကိုင်ကြရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ များပြားသောကြောင့် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်ကြသည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းအချို့ကို သင်ကြားပေးနိုင်သော သင်တန်းများ ရှိကြသည်။ စက်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ဆံပင်မိတ်ကပ်၊ အလှပြင်၊ မုန့်လုပ်နည်း၊ ဆိုင်ကယ်ပြုပြင်ခြင်း၊ မိုဘိုင်းဖုန်းပြုပြင်ခြင်း၊ တွင်ခုံ၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်းကြောင်း သင်တန်းများနှင့်ပတ်သက်၍ ရွာသားအများစုသည် အတွေ့အကြုံနည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင် အနည်းငယ်နိမ့်ကျပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြ၍ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ စက်ချုပ် ၊ စက်ပြင်သောသင်တန်းများကို အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားနိုင်ကြသည်။

(ဃ) **ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

ဥယျာဉ်ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဖူးပွင့်လာသည့်အချိန်တွင် ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုဓါတ်မြေဩဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံဓါတုဆေးဝါးများ သုံးစွဲမှု များပြားသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်း

ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းကို နှစ်စဉ်တွေ့ကြုံခံစားရပါသည်။ စိုက်ပျိုးရေးတွင် မိုးရေကိုသာ အဓိကထားရသောကြောင့် တောင်သူများမှာ ရာသီဥတု မမှန်ခြင်း ၊ စိုက်ပျိုးရေးလုံလောက်မှုမရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်ရေမြေများ ၊ သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန် ၊ စနစ်ကျသော စီမံခန့်ခွဲမှု နည်းပညာများ သင်ယူစေခြင်းဖြင့် တော၊တောင်ရေမြေနှင့် သဘာဝပါတ်ဝန်းကျင်များကိုပါ အလိုအလျောက် ထိန်းသိမ်းပေးရာ ရောက်စေပါမည်။

**( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ဥယျာဉ်ကျေးရွာ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်လအတိုးနှုန်း ၊ တစ်ကေတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး (၁၀)ကေအတွက် ချေးယူနိုင်ကြသည်။ စိုက်ပျိုးရေးဘဏ်မှ ချေးယူနိုင်သော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာလျှင် ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေရရှိနိုင်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားချေးငွေရရှိနိုင်မှု မရှိသဖြင့် တစ်ချို့အိမ်ထောင်စုများမှာ ရွာတွင် ငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၀%နှုန်းဖြင့် ချေးယူကြရသည်။ ကျေးရွာသားများသည် ချေးငွေများကို အကြောင်းအရင်းမျိုးစုံ ၊ ရိက္ခာ ၊ ကျန်းမာရေး ၊ ပညာရေးတို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြရသဖြင့် ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု များအနေဖြင့် မိတ်ဆွေမိသားစုထံမှ (၅%) နှုန်းဖြင့် ချေးယူရကြောင်း တွေ့ရှိရပါသည်။

**( စ ) ပညာရေး ၊ ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဥယျာဉ်ကျေးရွာတွင် ပညာရေးအနေဖြင့် မူလွန်ကျောင်းအဆင့်ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၂)ဆောင်မှာ သွပ်မိုးအုတ်ကာဖြစ်ပြီး (၁)ဆောင်မှာ ခိုင်ခံမှု မရှိပါ။ ကျောင်းတွင်လည်း ကျောင်းပရိဘောဂ ၊ ကစားကွင်း ၊ သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိသည်ကို တွေ့ရသည်။ ကျောင်းသားဦးရေနှင့် ဆရာဦးရေအချိုးမှာ အတန်းလိုက်အားဖြင့် ညီမျှမှုရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ လူကြီးအများစုသည် စာရေးတတ် ၊ ဖတ်တတ်ကြသည်ကို

တွေ့ရှိရပါသည်။ စာမတတ်သူမရှိရဟူသော နိုင်ငံတော်၏ စီမံချက်ကြောင့် (အသုံးလုံး) သင်တန်းများ၏ အကျိုးကျေးဇူးကြောင့် တစ်ရွာလုံး စာရေးတတ် ၊ ဖတ်တတ်ကြပါသည်။ ကျေးရွာရှိ လက်ရှိအနေထားတွင် ကေဂျီတန်းမှ တက္ကသိုလ် ကောလိပ်အထိ ပညာသင်ကြားနေသူ (၁၆၀)ယောက် ရှိပါသည်။ ကျေးရွာ၏ တိုးတက်မှုမှာ ပညာရေးသည် အဓိကဖြစ်ကြောင်း တွေ့ရှိရပါ သည်။ ပညာရေးကဏ္ဍ အတွက် အခြေခံအဆောက်အဦး၊ ပရိဘောဂ၊ ကစားကွင်း၊ ရေလုံအိမ်သာ၊ သင်ထောက်ကူ၊ ဝန်ထမ်းအဆောက်အဦးများ လုံလောက်စွာချထားပေးရန် လိုအပ် ပါသည်။

ဥယျာဉ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ ကျန်းမာရေးကိစ္စရပ်များတွင် မင်းလှမြို့နယ်ဆေးရုံသို့ အချိန်မီ သွားရောက် ကုသနိုင်ပါသည်။

ဥယျာဉ်ကျေးရွာတွင် တွင်းရေကိုအဓိကထား၍ သုံးစွဲကြပါသည်။ စက်တပ်တွင်းရေ၊ လက်နှိပ်တုံကင်တို့မှ ရေကိုသုံးစွဲလျက် ရှိပါသည်။ မိုးအခါ တွင်လည်း မိုးရေကို စုဆောင်း သိုလှောင်၍ သုံးစွဲကြပါသည်။

ကျေးရွာရှိ လူငယ်များသည် ဘာသာရေးလုပ်ငန်းများ ၊ လူမှုရေးလုပ်ငန်းများ နှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ကြသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်စာပေများ ပြည့်စုံစွာမရှိသည့်အတွက် အသိပညာ ဗဟုသုတများကြွယ်ဝစေမည့် စာပေများအား ထောက်ပံ့ပေးစေလိုပါသည်။ ကျေးရွာ တွင် ဘောလုံးကွင်း၊ ခြင်းကွင်း၊ ဘော်လီဘောကွင်းများ ရှိသော်လည်း ကျွမ်းကျင်မှု မရှိသည့်အတွက် အားကစားဆိုင်ရာသင်တန်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးစေလိုပါသည်။

(ဆ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု ၊ လမ်းတံတား ၊ လျှပ်စစ်စွမ်းအား ၊ သတင်းနှင့် ဆက်သွယ်မှု**

ဥယျာဉ်ကျေးရွာတွင် ကျေးရွာတွင်းလမ်းအများစုမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းကာလတွင် မိုးတွင်းကာလတွင် မော်တော်ဆိုင်ကယ်၊ ကား၊ နွားလှည်းများအသုံးပြုသောကြောင့် ရွှံ့ဗွက်များထူထပ်ပါသည်။ ကျေးရွာမှ မင်းလှသို့ သွားလာရာတွင် မြေနီကျောက်စရစ်လမ်းကို အသုံးပြု၍သွားလာရပြီး မိုးများစွာရွာသွန်းပါက သွားလာရခက်ခဲပါသည်။

ဥယျာဉ်ကျေးရွာသည် မဟာဓာတ်လိုင်း (11KV)ကို ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကောင်းစွာရရှိပါသည်။ မိမိကျေးရွာအဆင့်ဖြင့် ကျေးရွာ၏ (၄%)သာ မီးမရရှိပါ။ ဤမိသားစုများမှာလည်း အဆင်မပြေသော မိသားစုများ ဖြစ်ကြပါသည်။

မိုဘိုင်းဖုန်းဆက်သွယ်ရေး စျေးကွက်နှင့် အခြားဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြုကြပါသည်။ တစ်ရွာလုံး အတိုင်းအတာအားဖြင့် သတင်းအဆက်အသွယ် အချက်အလက်များ အသင့်အတင့် ကောင်းမွန်ကြောင့် သိရပါသည်။

ဥယျာဉ်ကျေးရွာရှိ လူငယ်များသည် သဘာဝဘေးအန္တရာယ်များနှင့် မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးကင်းလှည့်ခြင်း၊ ကျေးရွာလုံခြုံရေး ကင်းလှည့်ခြင်းများကို ဆောင်ရွက်ရပါသည်။ မီးဆိုသည်မှာ အမှန်တကယ်တွေ့ကြုံ လာလျှင် မလွယ်ကူသောကြောင့် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးသတ်ကားများ မီးသတ်ရုံးများ လျာထားဆောင်ရွက်ပေးလိုပါသည်။

( ၈) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းများနှင့် ရင်ဆိုင်ကျော်လွှားရမည့် အဟန့်အတားများ**

(၁) **ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ဥယျာဉ်ကျေးရွာရှိ လူဦးရေ၏ ၆၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ လူငယ်ပညာတတ်များနှင့် ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘူယျအားဖြင့် ကောင်းမွန်ပြီး ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးကုသမှုများအတွက် မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသနိုင်ကြ သည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့် ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေး အနေအထားအတွက် အသင့်အတင့် အနေအထားတွင် ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ် ၊ ယာ ၊ ကိုင်း ၊ ကျွန်းမြေများ သည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူများလည်း

လယ်ယာမြေထွက်ကုန်များကို အလွယ်တကူ ပို့ဆောင်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာရှိ အိမ်များတွင် ခိုင်းနွားများသာမက တပိုင်တနိုင် စီးပွားဖြစ်နွားများကိုလည်း မွေးမြူကြသည်။ နွားစာများပေါများစေရန်အတွက်လည်း နံ့စားပြောင်းများကို တိုးချဲ့စိုက်ပျိုးလာပါသည်။ မွေးမြူရေးအတွက် အလားအလာကောင်းများရှိသော်လည်း မွေး/ကုဦးစီးဌာနမှ နည်းပညာသင်တန်းများဖွင့်လှစ်ရန် လိုအပ်ပါသည်။

(၂) **အဟာန့်အတားနှင့် စိန်ခေါ်မှု**

ဥယျာဉ်ကျေးရွာတွင် စီမံအုပ်ချုပ်မှုကဏ္ဍအနေဖြင့် ကျေးရွာဖွံ့ဖြိုးမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှုရှိသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နှမ်း၊ ပဲစဉ်းငုံ၊ ဝါ၊ ပဲကြီး၊ နံ့စားပြောင်း၊ မြေပဲ၊ ဖူးစားပြောင်း၊ ကုလားပဲများ စိုက်ပျိုးသော်လည်း နှစ်စဉ်ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအထွက်နှုန်းကျဆင်းလျက်ရှိပါသည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေကြေးမလုံလောက်မှုကြောင့် ချေးငွေယူ၍ လုပ်ကိုင်ကြရသည်။ လုပ်သားရှားပါးမှုများလည်း တွေ့ရသည်။ ပဲကြီးနှင့် နှမ်းသီးနှံများတွင် ဖျက်ပိုးများ ကျရောက်မှု ပိုမိုတွေ့လာရပြီး ယင်းဖျက်ပိုးသည် အချို့ပိုးသတ် ဆေးများကို ခံနိုင်ရည်ရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်စွာ နှိမ်နင်းသည့် နည်းစနစ်ကို လိုလားကြသည်။ စိုက်ပျိုးရေးစရိတ် အတွက် ပုံစံ(၇)ရှိမှသာ ထုတ်ချေးပေးသောကြောင့် တောင်သူများအနေဖြင့် ပြင်ပမှ အတိုးကြီးစွာ ချေးယူနေရသည်။ ကျေးရွာအနေဖြင့် စိုက်ပျိုးရေးနှင့် သွင်းအားစုများအတွက် အလွယ်တကူ ရရှိနိုင်ရေး အကူအညီလိုအပ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်နိုင်သော အစီအစဉ်မရှိသေးပါ။ တောင်သူအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်သော အထောက် အပံ့များ ရရှိရန် လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအနည်းငယ်သာ ရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အခက်အခဲရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း ၊ နည်းပညာ နှင့် အထိအတွေ့နည်းပါးသည်။ ထို့ကြောင့် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး အသက်မွေးဝမ်းကြောင်းပညာများ သင်ယူခွင့်ရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

ငွေရေး ၊ ကြေးရေးနှင့် ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သော ချေးငွေရရှိရန် စနစ်များင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် တောင်သူ များနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့်ချေးငွေ လိုအပ်လျက်ရှိပါသည်။

# မင်းလှမြို့နယ်၊ပန်းတော်ပြင်ကျေးရွာအုပ်စု ၊ ဥယျာဉ်ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းတံတားနှင့်လျှပ်စစ်** | | | | | |
| | ရွာတွင်းလမ်းများ | မြေသားလမ်းဖြစ်နေခြင်း | ကျေးရွာမှ လုပ်အားနှင့် | နည်းပညာလိုအပ်ခြင်း | မြို့နယ် ကျေးလက်ဦးစီးဌာန | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း |
| | မကောင်းခြင်း | ရွှံ့ဗွက်များထူနေခြင်း | ငွေကြေးထည့်ဝင်နိုင်ခြင်း | | သို့ တင်ပြတောင်းခံခြင်း | |
| | ရွာချင်းဆက်လမ်းများ | မြေသားလမ်း | ကျေးရွာမှ လုပ်အား | ငွေကြေး မတတ်နိုင်ခြင်း | မြို့နယ် ကျေးလက်လမ်းဦးစီး | ရွာချင်းဆက်လမ်းများပြုပြင်ခြင်း |
| | မကောင်းခြင်း | ဖြစ်သောကြောင့် မိုးရာသီတွင် | ထည့်ဝင်နိုင်ခြင်း | | ဌာနသို့ တင်ပြတောင်းခံခြင်း | |
| | | သွားလာရခက်ခဲခြင်း | | | | |
| | | မိုးများချိန်တွင် သွားလာရ | ကျေးရွာမှ လုပ်အား | ငွေကြေး မတတ်နိုင်ခြင်း | မြို့နယ် ကျေးလက်လမ်းဦးစီး | ရေကျော်တည်ဆောက်ခြင်း |
| | | ခက်ခဲခြင်း | ထည့်ဝင်နိုင်ခြင်း | | ဌာနသို့ တင်ပြတောင်းခံခြင်း | |
| ၂ | **ပညာရေး** | | | | | |
| | စာသင်ကျောင်းများဟောင်းနွမ်း | စာသင်ကျောင်းဆောင်မှာ | ကျေးရွာမှ လုပ်အား | ငွေကြေး မတတ်နိုင်ခြင်း | မြို့နယ်ပညာရေးမှူးရုံးသို့ | စာသင်ကျောင်းဆောင်သစ် |
| | ပျက်စီးနေခြင်း | ဟောင်းနွမ်းပျက်စီးနေခြင်း | ထည့်ဝင်နိုင်ခြင်း | | တင်ပြတောင်းခံခြင်း | တည်ဆောက်ခြင်း |
| | စာသင်ကျောင်းနယ်မြေ | ခြံစည်းရိုးခိုင်ခံ့မှု မရှိခြင်း | ကျေးရွာမှ လုပ်အား | ငွေကြေး မတတ်နိုင်ခြင်း | မြို့နယ်ပညာရေးမှူးရုံးသို့ | စာသင်ကျောင်းခြံစည်းရိုး |
| | လုံခြုံမှုမရှိခြင်း | | ထည့်ဝင်နိုင်ခြင်း | | တင်ပြတောင်းခံခြင်း | တည်ဆောက်ခြင် |
| | | | | | | |
| | | | | | | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းရမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | **ဖွံ့ဖြိုးရေးအသိပညာပေးသင်တန်းများ** | | | | | |
| | အသိပညာဗဟုသုတ | စာပေဖတ်ရှုမှု အားနည်းခြင်း | ကျေးရွာစာကြည့်တိုက် | ဟောပြောပွဲပြုလုပ်ရန် | မြို့နယ် ပြန်/ဆက်ဦးစီးဌာနသို့ | စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာ |
| | နည်းပါးခြင်း | | ရှိခြင်း | ချိတ်ဆက်မှုအားနည်းခြင်း | တင်ပြတောင်းခံခြင်း | ပေးဟောပြောပွဲများ ပြုလုပ်ခြင်း |
| | အလုပ်အကိုင်အခွင့်အလမ်း | ဒေသတွင်း ဝင်ငွေရလုပ်ငန်းများ | လူငယ်များ စိတ်အား | သင်တန်းဖွင့်လှစ်ရန် | မြို့နယ် ကျေးလက်ဦးစီးနှင့် | အသက်မွေးဝမ်းကျောင်း |
| | ရှားပါးခြင်း | ရှားပါးခြင်း | ထက်သန်မှု ရှိခြင်း | ချိတ်ဆက်မှုအားနည်းခြင်း | ချတ်ဆက်ခြင်း | သင်တန်း ဖွင့်လှစ်ခြင်း |
| | သီးနှံအထွက်နှုန်း | စိုက်ပျိုးရေးအသိပညာ | နည်းပညာအထောက်အပံ့ | သင်တန်းဖွင့်လှစ်ရန် | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် | စိုက်ပျိုးရေးအသိပညာပေးသင်တန်း |
| | မကောင်းခြင်း | အားနည်းခြင်း | ပေးပါက တောင်သူများမှ | ချိတ်ဆက်မှုအားနည်းခြင်း | ချိတ်ဆက်၍ တောင်သူ | ဖွင့်လှစ်ခြင်း |
| | | | စိတ်ပါဝင်စားမှုရှိခြင်း | | အသိပညာပေးဟောပြောပွဲများ | |
| | | | | | ပြုလုပ်ခြင်း | |
| | တိရစ္ဆာန်များတွင် ရောဂါများ | မွေးမြူရေးအသိပညာဗဟုသုတ | နည်းပညာအထောက်အပံ့ | သင်တန်းဖွင့်လှစ်ရန် | မြို့နယ်မွေးမြူရေးဦးစီးဌာနနှင့် | မွေးမြူရေးအသိပညာပေးသင်တန်း |
| | ကျရောက်ခြင်း | အားနည်းခြင်း | ပေးပါက တောင်သူများမှ | ချိတ်ဆက်မှုအားနည်းခြင်း | ချိတ်ဆက်၍ တောင်သူ | ဖွင့်လှစ်ခြင်း |
| | | | စိတ်ပါဝင်စားမှုရှိခြင်း | | အသိပညာပေးဟောပြောပွဲများ | |
| | | | | | ပြုလုပ်ခြင်း | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **မသန်စွမ်းသူ အရေအတွက်** | |
|---|---|---|---|---|---|---|
| | | | | | **ကျား** | **မ** |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၄ | ၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၈ | ၁၉ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၀ | ၁၉ | ၄၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၁၉ | ၂၉ | ၄၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၉ | ၂၉၇ | ၅၈၆ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၅ | ၅၀ | ၇၅ | | |
| **စုစုပေါင်း** | | ၃၇၇ | ၄၀၇ | ၇၈၄ | | |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၁၄ | | | | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်** (၁) **နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်** (၁) **နှစ်ပြည့်အရွယ်မှ** (၅) **နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်** (၅) **နှစ်ပြည့်သည်မှအသက်** (၁၀)**နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်** (၁၀) **နှစ်ပြည့်သည်မှအသက်** (၁၅) **နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်**(၁၅)**နှစ်ပြည့်သည်မှအသက်** (၆၅) **နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက်** (၆၅) **နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ဥယျာဉ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၁၄)စုရှိပြီး ကျား (၃၇၇)ဦး မ(၄၀၇)ဦး စုစုပေါင်း (၇၈၄)ဦးရှိကာ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေ(၄) ဦး ရှိကြောင်း တွေ့ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၇ | ၁၂၅ | ၄၅ | ၅၀ | ၄၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၂၉ | ၆၅၉ | ၇၅ | ၄၀၄ | ၃၈၀ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | ၁၀၀ | | ၂၈ | ၂၂ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၆ | | ၂ | ၁ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။ ) |
|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသား စု ဝင်လု ပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၅ | | ၁ | ၄ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၂၃ | | ၁၈ | ၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | ၁ | - | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | **အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု** | **ဦးရေ** | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၁၂ | | ၃ | ၉ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| ၁၆ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | ပညာရေး | | | | | | | |
| ၁၇ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | | ၄ | ၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | ကျန်းမာရေး | | | | | | | |
| ၁၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐လတ်☐ နိမ့် ☐ |
| | လူမှုရေး လုပ်ငန်းများ | | | | | | | |
| ၁၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| ၂၀ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား/ ကျပန်း / ရာသီအလိုက် | | | | | | - | |

| စဉ် | လုပ်ငန်း များ | အဓိက အလုပ်အကိုင် | | | ဦးရေ | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ကျား | မ | | |
| | အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၁၂ | | ၅ | ၇ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ်** … (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လို သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင် လုပ်ငန်းတစ်ခု လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ဥယျာဉ်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။ ပြည်ပသို့ သွားရောက် လုပ်ကိုင်သူများလည်း ရှိပါသည်။ကျေးရွာတွင် တောင်သူအပြင် ပန်းရံလက်သမားလုပ်ငန်း၊ ကားအငှားလိုက်ခြင်းနှင့် စျေးဆိုင်လုပ်ငန်းများအား အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြပါသည်။**

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ =** (**လစာ**÷**၂၂.၇၅**)

(**၂**) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ =** (**တစ်နာရီဝင်ငွေ**×**၈**)

**လေ့လာတွေ့ရှိချက်။ ။ ဥယျာဉ်ကျေးရွာတွင် လုပ်ခနှုန်းထားအနေဖြင့် စိုက်ပျိုးရေးနှင့် ထုတ်ကုန်လုပ်ငန်းများတွင် ကျား/မ တန်းတူညီစွာ ရရှိပြီး၊ ပန်းရံ ၊လက်သမားလုပ်ငန်းများတွင် အမျိုးသားများ အနေဖြင့် ပိုမိုရရှိကြောင်းတွေ့ရှိရပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၄၈.၇၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၉၇.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၁၄၃.၂၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၈၆.၆ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဥယျာဉ်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ(၁၄၃.၃၅)ဧက၊ ယာမြေ(၉၇.၅)ဧက၊ ကိုင်းကျွန်းမြေ(၁၄၃.၃၅)ဧက ရှိသော်လည်း စိုက်ပျိုးရေမရရှိခြင်း၊ မြစ်ရေတက်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများမှာ ရာနှုန်းပြည့်မရရှိခြင်းတို့ ကြုံတွေ့ရကြောင်း တွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက် | များ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| တူးတွင်း) | | | |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ်** ... **ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ဥယျာဉ်ကျေးရွာတွင် သဘာဝအရင်းအမြစ်အနေဖြင့် သစ်တောများ ပေါက်ရောက်မှုမရှိပါ။ ရေအရင်းအမြစ်အနေဖြင့် တွင်းတိမ်၊ ချောင်းရေတို့မှရေကိုရယူသုံးစွဲလျက်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၄၀ | ၈၀ | ၃၀ | ၆၄ |

**ရင်းမြစ်** ... (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ အိမ်ထောင်စုများ စိုက်မွေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ပြီး အလယ်အလတ် အိမ်ထောင်နှင့် မပြေလည်သော အိမ်ထောင်စုတို့မှာ ပုံမှန်ဝင်ငွေမရှိသောကြောင့် ကျပန်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသည်ကို တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

